KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

မေလ ၃၀ရက်၊ ၂၀၂၄ခုနှစ် /KHRG စာအမှတ်- 24-24-I2

# ဒူးပလာယာခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ- ကော်တရီမြို့နယ်တွင် SAC လေကြောင်းတိုက်ခိုက်မှုကြောင့် အသက် ၁၁ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိ (၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ နှင့် ဒီဇင်ဘာလ)

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာတွင် ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ဖြစ်ပွားခဲ့သော ဒူးပလာယာခရိုင်၊ ကော်တရီ (ကော့ကရိတ်)မြို့နယ်တွင် လေကြောင်းတိုက်ခိုက်မှုဖြစ်စဥ် နှစ်ခုကို ဖော်ပြထားပါသည်။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မှ ကော်တရီမြို့နယ်၊ ကော့ကရိတ်မြို့၊ က---ရပ်ကွက်တွင် လေကြောင်းဖြင့်တိုက်ခိုက်ခဲ့သည်။ ထိုလေကြောင်းတိုက်ခိုက်မှုတွင် အသက် (၁၁) နှစ်အရွယ် ယောကျ်ားလေးတစ်ယောက်ဖြစ်သူ စော ခ---သည် ၎င်းအိမ်နားရှိနေစဉ် ဗုံးကျည်စထိမှန်ပြီး သူ၏ခြေထောက်တစ်ဖက် ဒဏ်ရာရရှိခဲ့သည်။ ထိုကလေးကို သူ၏မိဘများက ဆေးကုသမှုခံယူရန်အတွက် ၎င်းအား ဘားအံမြို့တွင်ရှိသော ဆေးရုံသို့ ချက်ခြင်းပို့ဆောင်ခဲ့သည်။ ထို့နောက် အဆိုပါကလေးကို ဘားအံခရိုင်၊ တာကရယ် (ပိုင်ကျုံ) မြို့နယ်၊ နောကဝေါ်အုပ်စု၊ ဂ---ဆေးခန်းသို့လွှဲပြောင်းပေးခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့ မနက် ၈း၀၀ နာရီတွင် SACသည် ကော်တရီမြို့နယ်၊ ကော့ကရိတ်မြို့၊ ဃ---ရပ်ကွက်တွင် ပေါင် (၅၀၀) ဗုံးတစ်လုံးပစ်ချခဲ့သည်။ ထိုဗုံးပေါက်ကွဲမှုကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးဖြစ်သော မင--- အား ထိမှန်ပြီး ဒဏ်ရာရရှိခဲ့သည်။ မင---၏ခင်ပွန်းသည် သူမအား ဘားအံခရိုင်၊ တနေးဆါး(နဘူး)မြို့နယ် ရှိ စ---ဆေးခန်းသို့ပို့ဆောင်ခဲ့သည်။ သို့သော် သူမအား နောကဝေါ်အုပ်စု၊ ဂ---ဆေးခန်းသို့လွှဲပြောင်းခဲ့သည်။ အကြောင်းမှာ ဂ---ဆေးခန်းတွင် ပို၍ကောင်းမွန်သည့်ဆေးဝါးကိရိယာများ ရှိသောကြောင့်ဖြစ်သည်။*[1]

---

[1] ဤအစီရင်ခံစာသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ တွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဘားအံခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓာတ်ပုံ နှင့် နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

# အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | လေကြောင်းတိုက်ခိုက်မှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် နှင့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ကေ့ာကရိတ်မြို့၊ က---ရပ်ကွက် နှင့် ဃ---ရပ်ကွက် |

| **စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | |
|---|---|---|
| **အမည်** | စောခ--- | မင--- |
| **အသက်** | ၁၁ နှစ် | ၃၂ နှစ် |
| **ကျား/မ** | ကျား | မ |
| **လူမျိုး** | ကရင် | မူဆလင် |
| **အိမ်ထောင် ရှိ/မရှိ** | – | ရှိ |
| **အလုပ်အကိုင်** | ကျောင်းသား | ကျပန်း |
| **ကိုးကွယ်သည့်ဘာသာ** | ဗုဒ္ဓ | အစ္စလာမ် |
| **ရာထူးအဆင့်** | အရပ်သားပြည်သူ | အရပ်သားပြည်သူ |
| **နေရပ် ရွာအမည်** | ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ကေ့ာကရိတ်မြို့၊ က---ရပ်ကွက် | ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ကေ့ာကရိတ်မြို့၊ ဃ---ရပ်ကွက် |

| **ပစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊ တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာဒေသ** | **အထက်အရာရှိအမည်** |
| မသိရ | မသိရ | မသိရ | မသိရ | မသိရ |

# အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| **(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။** |
|---|
| [KHRG သတင်းပြုစုသူသည် ဘားအံခရိုင်၊ တနေးဆါး(နဘူး)မြို့နယ်၊ နောကဝေါ်အုပ်စုတွင်တည်ရှိသော ဂ---ဆေးခန်း၏ကျန်းမာရေးဝန်ထမ်းတစ်ဦးထံမှ ဤလေကြောင်းတိုက်ခိုက်မှုဖြစ်စဥ်ကို ဦးစွာပထမ ကြားသိခဲ့ရသည်။] သတင်းအတိအကျရရှိရန်အတွက် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် နေ့တွင် KHRG ကွင်းဆင်းလုပ်သားတစ်ဦးသည် ထိခိုက်ဒဏ်ရာရရှိသူများဆေးကုသမှုခံယူနေသော ဆေးခန်းသို့သွားရောက်ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ စောခ---၏မိခင် နှင့် မင---တို့အား အင်တာဗျူးများ ပြုလုပ်ခဲ့သည်။ |

| **(၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။** |
| --- |
| KHRG ကွင်းဆင်းလုပ်သားသည် စောခ---၏ မိခင်အား ၎င်း၏သားထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဥ်အကြောင်းကို အင်တာဗျူးပြုလုပ်ခဲ့သည်။ KHRG ကွင်းဆင်းလုပ်သားသည် မင---ကို လေကြောင်းတိုက်ခိုက်မှုအကြောင်းအရာနှင့် ပတ်သက်ပြီး အင်တာဗျူးပြုလုပ်ခဲ့သည်။ |

# အဆင့် ၃- အခင်းဖြစ်ပွားပုံ

| **အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။** |
| --- |
| ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့ [နံနက်]၌ ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ကော့ကရိတ်မြို့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) စစ်သားများ [အမည်မသိ တပ်ရင်း] နှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ပူးပေါင်းတပ်ဖွဲ့တို့ကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ မနက် ၁၀ နာရီဝန်းကျင်တွင်SACသည် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပြီး ဗုံးတစ်လုံးသည် ကော့ကရိတ်မြို့၊ က---ရပ်ကွက် တွင်ကျခဲ့သည်။ ထိုအချိန်တွင်စောခ--- သည်, ၎င်း၏ အဘွားနှင့်အတူ က--- ရပ်ကွက်ရှိ ၎င်းတို့အိမ်တွင် ရှိနေခဲ့ပြီး အိမ်ပြင်သို့ထွက်၍ အပေါ့သွားခဲ့သည်။ စောခ---သည် အပေါ့သွားနေစဥ်အတွင်း ၎င်း၏ညာဘက်ခြေသလုံးကို ဗုံးစထိမှန်ခဲ့သည်။ (စောခ---သည် အသက် (၁၁) နှစ်အရွယ်ရှိပြီး မူလတန်းကျောင်းတွင်ပညာသင်ကြားနေသော (၃)တန်းကျောင်းသားတစ်ဦးဖြစ်သည်။) စောခ---၏အဘွားသည် ၎င်းထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းကို ကြားခဲ့ရပြီး သူ၏မိဘများကို ချက်ချင်းခေါ်၍ အကူအညီတောင်းခဲ့သည်။ ထို့နောက် စောခ---၏မိဘသည် ဆေးကုသမှုရရှိစေရန် သူ့အား ဘားအံခရိုင်၊ ဘားအံမြို့တွင်းရှိ ဆေးရုံ သို့ (ကားဖြင့်) ချက်ချင်းပို့ဆောင်ပေးခဲ့ပါသည်။ ဘားအံမြို့ရှိဆေးရုံသို့ တစ်နာရီကြာမောင်းခဲ့ရသည်။ ၎င်းသည်ဆေးရုံသို့ရောက်သောအခါ (သွေးထွက်လွန်သောကြောင့်) သွေးပေါင်ချိန်ကျနေခဲ့ပါသည်။ ထို့ကြောင့် ၎င်းအနေဖြင့် အသက်ရှင်နိုင်ခြင်းရှိမရှိသည့်အခြေအနေကို မှန်းဆ၍မရနိုင်ခဲ့ပါ။ စောခ---သည် အချိန်မီဆေးကုသမှုရရှိခဲ့ပြီး အသက်ဘေးမှလွတ်မြောက်ခဲ့ပါသည်။ [၎င်း၏မိဘများသည် သူ၏ဆေးကုသစရိတ်ကိုပေးခဲ့သည်။ မည်သည့်အဖွဲ့အစည်းထံမှ ကူညီထောက်ပံ့မှု မရရှိခဲ့ပါ။] ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ၎င်း၏ဒဏ်ရာသည် အပြည့်အဝပျောက်ကင်းသွားခြင်းမရှိသည့်အတွက်ကြောင့် ဆေးကုသမှုဆက်လက်ခံယူရန်အတွက် ဘားအံခရိုင်၊ တာကရယ်(ပိုင်ကျုံ)မြို့နယ်၊ နောကဝေါ်အုပ်စု၊ ဂ---ဆေးခန်းသို့ ပို့ဆောင်ခဲ့သည်။ [ဂ---ဆေးခန်းသည် ကရင်ကျန်းမာရေးနှင့်ကယ်ဆယ်ရေးဌာန (KDHW) မှဖွင့်လှစ်ထားသောကြောင့် အခမဲ့ဆေးကုသမှုပြုလုပ်ပေးသည်။] ဤဖြစ်စဥ်နှင့်ပတ်သက်၍ ၎င်း၏မိခင်သည်ဤသို့ဖေါ်ပြခဲ့ပါသည်။ *"အခုလို နိုင်ငံရေးအခြေအနေမျိုးမှာ လုပ်စားကိုင်စားလို့အဆင်မပြေဘူး။ ပြီတော့ ငွေရေးကြေးရေးလဲ ပိုခက်ခဲလာတယ်။ ကိုယ့်သား အခုလိုဖြစ်တော့ တကယ်စိတ်မကောင်းဖြစ်ရတယ်။"*<br><br>၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့ မနက် ၈ နာရီအချိန်တွင် SAC သည် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ကော့ကရိတ်မြို့၊ ဃ---ရပ်ကွက်အတွင်းသို့ ဗုံးကြဲ၍ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ ထိုပေါက်ကွဲခဲ့သော ဗုံးအစအနသည် ကိုယ်ဝန် (၉) လလွယ်ထားသောအမျိုးသမီးတစ်ဦး၏ဘယ်ဖက်နောက်ကြောအားထိမှန်၍ ဒဏ်ရာရ |

ရှိခဲ့သည်။ ဤအမျိုးသမီး၏နာမည်သည် မင--- ဖြစ်သည်။ ထိုအချိန်တွင် သူမသည် [ရွာသားများက လေယာဉ်သံနီးကပ်လာခြင်းကိုကြားရပြီး] ထွက်ပြေးတိမ်းရှောင်ရန်အတွက် သူမ၏အိမ်တွင် ပစ္စည်းများကိုထုပ်ပိုးနေချိန်ဖြစ်သည်။ သူမ၏ခင်ပွန်းသည် ဆိုင်ကယ်စက်နိုးနေချိန်တွင် ၎င်း၏အမျိုးသမီးအား ဗုံးထိမှန်ခဲ့သည့်ဖြစ်စဥ်ကို မြင်တွေ့ခဲ့ရသည်။ သူသည် သူ့မိန်းမကို ဘားအံခရိုင်၊ တနေးဆါး(နဘူး)မြို့နယ်၊ မဲ့ဖါ့လဲအုပ်စု၊ စ---ဆေးခန်းသို့ချက်ချင်း ပို့ဆောင်ခဲ့သည်။ စ--- ဆေးခန်းတွင် ကိုယ်ဝန် (၉)လလွယ်ထားရသောအမျိုးသမီးကို ခွဲစိတ်ကုသရန်ခက်ခဲသောကြောင့် ထိုနေ့မနက် ၁၀ နာရီအချိန်တွင် သူမအား နောကဝေါ်အုပ်စု၊ ဂ---ဆေးခန်းသို့ လွှဲပြောင်းပေးခဲ့ပါသည်။ အကြောင်းမှာ ဂ--- ဆေးခန်းတွင်ပို၍ကောင်းသောဆေးဝါးကိရိယာများရှိသောကြောင့်ဖြစ်သည်။ ဤဖြစ်စဥ်နှင့်ပတ်သက်ပြီး မင---မှ ယခုလိုပြောပြခဲ့သည်။ *"လေယာဥ်ကနေပေါင်(၅၀၀)ဗုံးကျတာရွာသားများထိခိုက်ဒဏ်ရာရရှိခဲ့ကြတယ်။ လူဘယ်နှစ်ယောက်သေဆုံးလဲတော့သေချာမသိဘူး။ အခုလိုဖြစ်လာတော့ ကျွန်မဘယ်သူ့ကိုမှလဲအပြစ်မပြောချင်ဘူး။ သေချာတာကတော့ အတော်လေးစိတ်မကောင်းဖြစ်ရတယ်၊ ဝမ်းလည်းနည်းတယ်။"*

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
|---|
| စောခ---၏အမေ နှင့် မင---တို့မှ လေကြောင်းတိုက်ခိုက်မှုကြောင့် ဖြစ်ပွားခဲ့သော ဤလူ့အခွင့်အရေးချိုးဖောက်မှုအကြောင်းအရာများ ရေးသားဖြန့်ဝေရန်အတွက် KHRG အား ခွင့်ပြုခဲ့သည်။ |

**ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း**

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။